ဤအမှတ်အသားများကို မည်သူတို့ အသုံးပြုနိုင်ပါသနည်း။

ဤအမှတ်အသားများကို အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ ၁၉၄၉ခုနှစ် ဂျီနီဗာသဘောတူညီချက်များနှင့် ယင်းတို့၏နောက်ဆက်တွဲ သဘောတူညီချက်များတွင်လည်း ကောင်း၊ ပြည်တွင်းဥပဒေများတွင်လည်းကောင်း ပြဋ္ဌာန်းထားပါသည်။

ငြိမ်းချမ်းစဉ်ကာလနှင့် လက်နက်ကိုင်ပဋိပက္ခကာလ နှစ်မျိုးလုံးတွင် ယင်းအမှတ်အသားများကို မှန်မှန်ကန်ကန် အသုံးပြုကြစေရန် နိုင်ငံအစိုးရများ၌ တာဝန်ရှိပါသည်။ နိုင်ငံအများစုတွင် ယင်းအမှတ်အသားများကို အသုံးပြုမှုနှင့်စပ်လျဉ်း၍ စည်းကမ်းသတ်မှတ်ပေးသည့် ပြည်တွင်းစည်းမျဉ်းများကို ပြည်တွင်းဥပဒေများ၌လည်း ထည့်သွင်းထားကြပါသည်။

လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားနေချိန်တွင် ဤအမှတ်အသားများကို အကာအကွယ်ပေးသော အမှတ်အသားအဖြစ် အသုံးပြုရန် အောက်ပါစည်းမျဉ်းများက ခွင့်ပြုထားပါသည်-

- လက်နက်ကိုင်တပ်ဖွဲ့များ၏ ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများ၊ အဆောက်အအုံများနှင့် ယာဉ်များ၊
- အရပ်ဘက်ဆေးဝန်ထမ်းများ၊ ဆေးရုံများနှင့် အစိုးရအာဏာပိုင်များ၏ ခွင့်ပြုချက်ဖြင့် ဒဏ်ရာရသူများနှင့် ဖျားနာနေသူများကို ကုသရန်နှင့် စောင့်ရှောက်ရန် တာဝန်ပေးထားသော အရပ်ဘက်ဆေးအဖွဲ့များ။

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC) နှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်း(IFRC)တို့သည် ဤအမှတ်အသားများကို အမြဲတစေ အသုံးပြုခွင့် ရှိပါသည်။

ငြိမ်းချမ်းစဉ်ကာလတွင် အမျိုးသားကြက်ခြေနီနှင့်လခြမ်းနီအသင်းများ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) နှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်း(IFRC) တို့ကိုလည်း ဤလှုပ်ရှားမှုနှင့် ဆက်နွယ်ကြောင်းပြသရန်အတွက် ယင်းတို့၏တံဆိပ်များတွင် ဤအမှတ်အသားများကို ထည့်သွင်းဖော်ပြရန် ဥပဒေက ခွင့်ပြုထားပါသည်။

ငြိမ်းချမ်းစဉ်ကာလတွင် ဒဏ်ရာရသူများနှင့် နာဂများအား အခမဲ့ကုသပေးရန်အတွက်သာ တာဝန်ပေးထားသည့် လူနာတင်ယာဉ်များနှင့် ရွေးဦးပြုစုရေးစခန်းများကိုလည်း ပြည်တွင်းဥပဒေနှင့် အမျိုးသားအသင်း၏ ခွင့်ပြုချက်တို့နှင့်အညီ ဤအမှတ်အသားကို အသုံးပြုစေဟုခြန် ခွင့်ပြုထားပါသည်။

ဤအမှတ်အသားများကို အသုံးပြုခွင့်မရှိသူများက ရံဖန်ရံခါအသုံးပြုတတ်ကြသည်။ ဥပမာ -

- ဆရာဝန်များက မိမိတို့၏ ဆေးခန်းများတွင် ဤအမှတ်အသားကို တပ်ဆင်အသုံးပြုကြသည်၊
- ဆေးအရောင်းဆိုင်က ကြက်ခြေနီ သို့မဟုတ် လခြမ်းနီကို ဆိုင်ရှေ့တွင် အမှတ်လက္ခဏာအဖြစ် တပ်ဆင်အသုံးပြုသည်၊
- ကြက်ခြေနီ၊ လခြမ်းနီတို့နှင့် ဒွန်တွဲလျက်ရှိသော နာမည်ဂုဏ်နှင့် ကောင်းသတင်းကို အမြတ်ထုတ် အသုံးချရန်အလို့ငှာ ကုမ္ပဏီက မိမိ၏ထုတ်ကုန်ပေါ်တွင် သို့မဟုတ် ကြော်ငြာတွင် အမှတ်အသားကို ထည့်သွင်း အသုံးပြုသည်။

ၸင်းတို့အားလုံး မည်သူမျှ ဤသို့လုပ်ခွင့်မရှိပါ။

Illustrations: E. Boero





ကြက်ခြေနီနှင့် လခြမ်းနီ အမှတ်အသားများ

ဤအမှတ်အသားများ၏ အကာအကွယ်ပေးနိုင်စွမ်းကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ယင်းတို့ကိုတလွဲအသုံးပြုခြင်းမှ ကာကွယ်တားဆီးခြင်း

မြန်မာနိုင်ငံကြက်ခြေနီအသင်း
ရာဇသံဟာလမ်း၊ ဒဂ္ဂိုဏသိရိပြို့၊ နေပြည်တော်၊
ဖုန်း - ၀၆၇၃၄၀၁၅၊ ၀၆၇၃၄၀၁၆
ဖက်(စ်) - ၀၁၃၄၀၆၀၄
အီးမေး(လ်) - khinmaunghla@redcross.org.mm
website-www.redcross.org.mm
Facebook: www.facebook.com/info.mrcs

International Federation
of Red Cross and Red Crescent Societies
အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်း
အမှတ် (၄၂)၊ ပထမထပ်၊ ကပ်နားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း/ဖက်(စ်) - ၀၁၃၀၃၆၈၂၊ ၀၁၃၀၃၆၈၄
website-www.ifrc.org

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ
၂(ဂ) - ၅၊ ကမ္ဘာအေးဘုရားလမ်း၊ ၈ - မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်၊
ဖုန်း - ၀၁၆၆၂၁၀၃၊ ၆၅၀၁၃၆၊ ၆၆၄၅၂၂၄
ဖက်(စ်) - ၀၁၆၅၀၁၁၃
အီးမေး(လ်) - yan_yangon@icrc.org
Facebook: www.facebook.com/ICRCmm
© ICRC, May 2017

IN BRIEF

သင်သိပါသလား။

အကာအကွယ်ပေးသော အမှတ်အသား သုံးခု

လူအများစုမှာ ကြက်ခြေနီ၊ လခြမ်းနီအမှတ်အသားများနှင့် အကျွမ်းတဝင် ရှိကြပါသည်။ ကမ္ဘာတစ်ဝှမ်းလုံးရှိ ပြည်သူများက မိမိတို့နိုင်ငံများရှိ အမျိုးသားကြက်ခြေနီသို့မဟုတ် လခြမ်းနီအသင်းများ၏ ရပ်ရွာလူထုအတွင်း ဆောင်ွက်လျက်ရှိသော လုပ်ငန်းများနှင့် အဓိကဆက်စပ်ကာ ယင်းအမှတ်အသားများကို နေ့စဉ်နှင့်အမျှ တွေ့ကြုံနေကြရပြီးအများစုက ယင်းအမှတ်အသားများကို ရွေးဦးပြုစုခြင်း သို့မဟုတ် ဆေးဘက်ဆိုင်ရာ အသိုင်းအဝိုင်းများနှင့်တွဲ၍ မြင်တတ်ကြသော်လည်း များသောအားဖြင့် အမှတ်အသားများ၏ ရည်ရွယ်ချက်ကို ကောင်းစွာမသိရှိကြပါ။

ကြက်ခြေနီအမှတ်အသား၏ သက်တမ်းမှာ နှစ်ပေါင်း ၁၅၀ ကျော်ခဲ့ပြီဖြစ်သည်။ စစ်မြေပြင်ရှိ ဒဏ်ရာရစစ်သည်များ၊ ဖျားနာစစ်သည်များနှင့် ယင်းတို့ကို စောင့်ရှောက်မှုပေးနေသော လက်နက်ကိုင်တပ်ဖွဲ့များမှ ဆရာဝန်များနှင့် သုနှာပြုများကို အကာအကွယ်ပေးရန် ကြက်ခြေနီအမှတ်အသားကို ဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် များမကြာမီ အချိန်တိုအတွင်းမှာပင် တူညီသောရည်ရွယ်ချက်အတွက် လခြမ်းနီအမှတ်အသားကို အသုံးပြုလာခဲ့ကြပါသည်။ မကြာသေးမီကပင် ခရစ္စတယ်နီအမှတ်အသားကိုလည်း ထပ်မံ၍အတည်ပြု ပြဋ္ဌာန်းသတ်မှတ်ခဲ့ပါသည်။

ကြက်ခြေနီ၊ လခြမ်းနီနှင့် ခရစ္စတယ်နီတို့သည် လက်နက်ကိုင်ပဋိပက္ခအတွင်း ဒဏ်ရာရရှိသူများ၊ ဖျားနာနေသူများနှင့် ထိုသူများကို စောင့်ရှောက်ပေးနေသူများကို အပြည်ပြည်ဆိုင်ရာဥပဒေက အကာအကွယ်ပေးထားကြောင်း ဖော်ပြသည့် သင်္ကေတအဖြစ် နိုင်ငံတကာက အသိုးဆုံး အသိအမှတ်ပြုထားသော အမှတ်အသားများဖြစ်ပါသည်။ ယင်းအမှတ်အသားများ၏ အဓိကတာဝန်မှာ လက်နက်ကိုင်တပ်ဖွဲ့များ၏ ဆေးဝန်ထမ်းများကို အကာအကွယ်ပေးရန် ဖြစ်သည်။

လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အရာဝတ္ထုတစ်ခုသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှုနှင့် ဆက်စပ်မှုရှိကြောင်းကိုလည်း ဤအမှတ်အသားများက ပြသပါသည်။ ထို့အတူ ဤအမှတ်အသားများသည် ဤလှုပ်ရှားမှု၏ လွတ်လပ်ပြီး ကြားနေသော ခွဲခြားမှုမရှိသည့် အကူအညီကိုလည်း ကိုယ်စားပြုပါသည်။

လက်နက်ကိုင်ပဋိပက္ခအတွင်း ဆင်းရဲဒုက္ခခံစားနေရသူများကို အကာအကွယ်ပေးနိုင်ရန် အားလုံးက ဤအသက်တမ်းဆယ်သော သင်္ကေတများကို သိရှိနားလည်ရန်လိုအပ်ပြီး ယုံကြည်မှုရှိရန် လိုအပ်ပါသည်။ သို့ဖြစ်၍ ဤအမှတ်အသားများကို မှန်ကန်စွာ အသုံးပြုရန်နှင့် ဥပဒေအရ အသုံးပြုခွင့်ရှိသူများကသာ အသုံးပြုရန် အလွန်အရေးကြီးပါသည်။





Z. Zocherman/ICRC